## ပြည်ထောင်စုလွှတ်တော်ရုံး
## သုတေသနဌာန

# အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးဖောင်းပွမှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ

(၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ဝေသည်။)



ဤစာတမ်းတိုတွင် မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ၏ ငွေကြေးဖောင်းပွမှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို ဖော်ပြထားပါသည်။ ဤစာတမ်းတိုကို အချက်အလက်အသစ်များရရှိသည့်အပေါ် မူတည်၍ လစဉ်၊ ၂ လတစ်ခါ၊ ၃ လ တစ်ခါ မွမ်းမံပြီး ထုတ်ဝေသွားပါမည်။ အချက်အလက်များ အားလုံးအတွက် လစဉ် အချက်အလက်အသစ်ရရှိသည် မဟုတ်ပါ၊ အချို့အချက်အလက်များမှာ တစ်နှစ်တစ်ခါ ထုတ်ပြန်သည်မျိုးလည်း ရှိပါသည်။ ထို့ကြောင့် စာတမ်းတိုပါ အချို့အချက်အလက်များနှင့် သုံးသပ်ချက်များသည် ထုတ်ဝေမှု တစ်ခုနှင့်တစ်ခုအကြား တူညီနိုင်ပါသည်။ စာတမ်းတိုတွင် မူဝါဒများကို ပြည့်စုံစွာသုံးသပ်ထားခြင်းမျိုး မပါရှိပါ၊ အချက်အလက်ဖြစ်ပျက်စဉ်များ (Trend) နှင့် အချက်အလက်နှိုင်းယှဉ်မှုများကိုသာ ဖော်ပြထားပါသည်။

သုတေသနစာတမ်းတိုအမှတ် (၆၇)

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ငွေကြေးဖောင်းပွမှုနှုန်းအဓိပ္ပါယ် | ၁ |
| ၂ | တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ်ကို အခြေခံနှစ်အဖြစ်ထားရှိပြီး စားသုံးသူ ဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်း | ၁ |
| ပုံ (၁) | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံငွေကြေးဖောင်းပွမှုနှုန်းများ (အခြေခံနှစ်၊ ၂၀၁၂=၁၀၀) | ၁ |
| ပုံ (၂) | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်းမြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော ငွေကြေးဖောင်းပွမှုနှုန်းများ (အခြေခံနှစ်၊ ၂၀၁၂=၁၀၀) | ၂ |
| ဇယား(၁) | အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ရာခိုင်နှုန်းပြောင်းလဲမှုအလိုက် ငွေကြေးဖောင်းပွမှု (၂၀၁၄-၂၀၁၈) | ၃ |
| ဇယား(၂) | အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ရာခိုင်နှုန်းပြောင်းလဲမှုအလိုက် ငွေကြေးဖောင်းပွမှုခန့်မှန်းချက် (၂၀၁၉-၂၀၂၃) | ၄ |
| ဇယား(၃) | အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နှစ်အလိုက် ငွေကြေးဖောင်းပွမှုရာခိုင်နှုန်း (၂၀၁၃-၂၀၁၇) (GDP Deflator) | ၅ |
| ဇယား(၄) | အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ရာခိုင်နှုန်းပြောင်းလဲမှုအလိုက် ငွေကြေးဖောင်းပွမှု (၂၀၁၄-၂၀၁၈) | ၆ |
| ဇယား(၅) | အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ရာခိုင်နှုန်းပြောင်းလဲမှုအလိုက် ငွေကြေးဖောင်းပွမှု ခန့်မှန်းချက် (၂၀၁၉-၂၀၂၃) | ၇ |


D:\PDH-IRR_AO_ 078\Research\2019\current brefing\Inflation\Ver 3\content.docx

# အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးဖောင်းပွမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ

၁။ **ငွေကြေးဖောင်းပွမှုနှုန်း** (Rate of Inflation) ဆိုသည်မှာ ဈေးဆနှုန်းကိန်းများ တစ်နှစ် နှင့် တစ်နှစ် ပြောင်းလဲသွားသည့်နှုန်းဖြစ်သည်။ တစ်နည်းအားဖြင့် ဈေးဆနှုန်းကိန်း ပြောင်းလဲသည့်နှုန်း ဖြစ်သည်။

၂။ မြန်မာနိုင်ငံအတွက် ၂၀၁၂ ခုနှစ်ကို အခြေခံနှစ်အဖြစ်ထားရှိပြီး စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်း တွက်ချက်မှုအရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ အတွင်း တစ်နိုင်ငံလုံးအတွက် ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းမှာ ၆.၅၉ ရာခိုင်နှုန်းရှိပြီး နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၈.၈၅ ရာခိုင်နှုန်းဖြစ်ပါသည်။

၃။ ရရှိထားသောအချက်အလက်များအရ ၂၀၁၂ ခုနှစ်ကို အခြေခံနှစ်အဖြစ်ထားရှိပြီး ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအထိ တစ်နှစ်ကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ၄.၀၀ ရာခိုင်နှုန်း ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ၈.၈၅ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။

**ပုံ(၁)။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်းများ**

**(အခြေခံနှစ်၊ ၂၀၁၂=၁၀၀)**




Source: www.mmsis.gov.mm ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့

၄။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၏ ငွေကြေးဖောင်းပွမှုနှုန်းကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ၏ ငွေကြေးဖောင်းပွမှုနှုန်းနှင့် နှိုင်းယှဉ်ပါက ၂၀၁၈ ခုနှစ်တွင် ၂၀၁၇ ခုနှစ်ထက် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း ၄.၈၅ ရာခိုင်နှုန်း နှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၂.၅၈ ရာခိုင်နှုန်းသို့ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**ပုံ(၂)၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော ငွေကြေးဖောင်းပွမှုနှုန်းများ**

**(အခြေခံနှစ်၊ ၂၀၁၂=၁၀၀)**




Source: www.mmsis.gov.mm ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့

၅။ မြန်မာနိုင်ငံရှိတိုင်းဒေသကြီး/ ပြည်နယ်များအတွက် ၂၀၁၂ ခုနှစ်ကို အခြေခံနှစ်အဖြစ်ထားရှိပြီး တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ အတွင်း ရခိုင်ပြည်နယ်တွင် ၁၀.၇၆ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ မကွေးတိုင်းဒေသကြီးတွင် ၈.၃၇ ရာခိုင်နှုန်းဖြင့် ဒုတိယအမြင့်ဆုံးနှင့် မွန်ပြည်နယ်တွင် ၈.၀၁ ရာခိုင်နှုန်းဖြင့် တတိယအမြင့်ဆုံး အသီးသီးဖြစ်ပေါ်ခဲ့ပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၁၃.၃၅ ရာခိုင်နှုန်းဖြင့် ပြောင်းလဲမှုအများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ကယားပြည်နယ်တွင် ၄.၇၆ ရာခိုင်နှုန်းဖြင့် ပြောင်းလဲမှု အနည်းဆုံးဖြစ်ပေါ်ခဲ့ပါသည်။

၆။ ၂၀၁၈ ခုနှစ်၊ ဇွန်လမှ စ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် ရေကြီး၍ စပါးခင်းများ ပျက်စီးခဲ့ပြီး မိုးစပါးများ ဈေးကွက်အတွင်း ဝင်ရောက်မှုနည်းပါးခြင်း၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်း မြင့်တက်လာသဖြင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းအပေါ်မူတည်၍ ရောင်းချရသော စက်သုံးဆီ ဈေးနှုန်းများမြင့်တက်ပြီး သယ်ယူပို့ဆောင်

စရိတ်ကြီးမြင့်ခြင်းစသည့် အကြောင်းအရင်းများကြောင့် ကုန်စည်ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာပြီး ငွေကြေးဖောင်းပွမှုနှုန်းကို ဖြစ်ပေါ်စေပါသည်။[1]

**ဇယား(၁)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ရာခိုင်နှုန်းပြောင်းလဲမှုအလိုက်**
**ငွေကြေးဖောင်းပွမှု (၂၀၁၄-၂၀၁၈)**
**(ပျမ်းမျှစားသုံးသူဈေးဆနှုန်း)**

| | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ |
|---|---|---|---|---|---|
| ဘရူနိုင်းဒါရူဆလမ် | -၀.၂ | -၀.၄ | -၀.၇ | -၀.၂ | ၀.၄ |
| ကမ္ဘောဒီးယား | ၃.၉ | ၁.၂ | ၃.၀ | ၂.၉ | ၃.၃ |
| အင်ဒိုနီးရှား | ၆.၄ | ၆.၄ | ၃.၅ | ၃.၈ | ၃.၄ |
| လာအို | ၄.၁ | ၁.၃ | ၁.၆ | ၀.၈ | ၀.၉ |
| မလေးရှား | ၃.၁ | ၂.၁ | ၂.၁ | ၃.၈ | ၁.၀ |
| မြန်မာ | ၅.၁ | ၁၀.၀ | ၆.၈ | ၄.၀ | ၆.၀ |
| ဖိလစ်ပိုင် | ၃.၆ | ၀.၇ | ၁.၃ | ၂.၉ | ၄.၉ |
| စင်ကာပူ | ၁.၀ | -၀.၅ | -၀.၅ | ၀.၆ | ၁.၀ |
| ထိုင်း | ၁.၉ | -၀.၉ | ၀.၂ | ၀.၇ | ၀.၉ |
| ဗီယက်နမ် | ၄.၁ | ၀.၆ | ၂.၇ | ၃.၅ | ၃.၈ |

Source: www.imf.org

၇။ အထက်ဖော်ပြပါ ဇယားအရ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှု သည် ၆ ရာခိုင်နှုန်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် အမြင့်ဆုံးဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၇ ခုနှစ်တွင် ၄ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၆ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံသည် ငွေကြေးဖောင်းပွမှုနှုန်း ၄.၉ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး ဖြစ်ခဲ့သည်။ ဘရူနိုင်းဒါရူဆလမ် နိုင်ငံသည် ငွေကြေးဖောင်းပွမှုနှုန်း ၀.၄ ရာခိုင်နှုန်းဖြင့် အနည်းဆုံး ဖြစ်သော်လည်း ၂၀၁၇ ခုနှစ်ထက် ၀.၆ ရာခိုင်နှုန်းမြင့်တက်လာပါသည်။

[1] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွက် မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေ၊ စာ-၁၁၊ ၁၃

ဇယား(၂)။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ရာခိုင်နှုန်းပြောင်းလဲမှုအလိုက်
ငွေကြေးဖောင်းပွမှု ခန့်မှန်းချက် (၂၀၁၉-၂၀၂၃)
(ပျမ်းမျှစားသုံးသူဈေးဆနှုန်းများ)

| | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|
| ဘရူနိုင်းဒါရူဆလမ် | ၀.၅ | ၀.၅ | ၀.၅ | ၀.၅ | ၀.၅ |
| ကမ္ဘောဒီးယား | ၃.၃ | ၃.၂ | ၃.၁ | ၃.၀ | ၃.၀ |
| အင်ဒိုနီးရှား | ၃.၈ | ၃.၈ | ၃.၄ | ၃.၀ | ၃.၀ |
| လာအို | ၄.၅ | ၃.၃ | ၃.၁ | ၃.၁ | ၃.၁ |
| မလေးရှား | ၂.၃ | ၂.၆ | ၂.၅ | ၂.၄ | ၂.၃ |
| မြန်မာ | ၅.၈ | ၅.၇ | ၅.၅ | ၅.၅ | ၅.၄ |
| ဖိလစ်ပိုင် | ၄.၀ | ၃.၃ | ၃.၁ | ၃.၀ | ၃.၀ |
| စင်ကာပူ | ၁.၄ | ၁.၄ | ၁.၃ | ၁.၃ | ၁.၃ |
| ထိုင်း | ၀.၉ | ၁.၁ | ၁.၄ | ၁.၈ | ၂.၀ |
| ဗီယက်နမ် | ၄.၀ | ၄.၀ | ၄.၀ | ၄.၀ | ၄.၀ |

Source: www.imf.org

၈။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ရာခိုင်နှုန်းပြောင်းလဲမှုအလိုက် ငွေကြေးဖောင်းပွမှုနှုန်း ခန့်မှန်းချက် (ပျမ်းမျှ စားသုံးသူဈေးဆနှုန်းများ) အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၉ ခုနှစ်မှစ၍ တဖြည်းဖြည်း ကျဆင်းလာမည်ဖြစ်သော်လည်းအာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် အမြင့်ဆုံးအဖြစ်ဆက်လက်တည်ရှိနေမည်။ ထိုင်းနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာမူ ၂၀၂၀ ခုနှစ်မှ စ၍ နှစ်စဉ်တိုးမြင့်လာနိုင်သည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ ခန့်မှန်းထားပါသည်။

ဇယား(၃)။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နှစ်အလိုက် ငွေကြေးဖောင်းပွမှုရာခိုင်နှုန်း (၂၀၁၃-၂၀၁၇)

(GDP Deflator)

| | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |
|---|---|---|---|---|---|
| ဘရူနိုင်းဒါရူဆလမ် | -၂.၈ | -၂.၀ | -၁၇.၅ | -၉.၂ | ၅.၀ |
| ကမ္ဘောဒီးယား | ၀.၈ | ၂.၆ | ၁.၇ | ၃.၅ | ၃.၄ |
| အင်ဒိုနီးရှား | ၅.၀ | ၅.၄ | ၄.၀ | ၂.၅ | ၄.၂ |
| လာအို | ၆.၅ | ၅.၇ | ၂.၃ | ၃.၀ | ၁.၉ |
| မလေးရှား | ၀.၂ | ၂.၅ | -၀.၄ | ၂.၀ | ၃.၈ |
| မြန်မာ | ၄.၄ | ၄.၂ | ၄.၁ | ၃.၆ | ၁၀.၂ |
| ဖိလစ်ပိုင် | ၂.၀ | ၃.၂ | -၀.၆ | ၁.၇ | ၂.၃ |
| စင်ကာပူ | -၀.၂ | -၀.၃ | ၃.၆ | -၀.၀၄ | ၀.၉ |
| ထိုင်း | ၁.၈ | ၁.၄ | ၀.၉ | ၂.၄ | ၂.၃ |
| ဗီယက်နမ် | ၄.၈ | ၃.၇ | -၀.၂ | ၁.၁ | ၄.၁ |

Source: www.databank.worldbank.org

၉။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသည် ၁၀.၂ ရာခိုင်နှုန်းဖြင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း အများဆုံးဖြစ်ပြီး၂၀၁၆ ခုနှစ်ထက် ၆.၆ ရာခိုင်နှုန်း မြင့်တက်လာသည်။ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ၅.၀ ရာခိုင်နှုန်းဖြင့် ငွေကြေးဖောင်းပွမှုနှုန်း ဒုတိယအများဆုံးဖြစ်ပြီး ၂၀၁၆ ခုနှစ်ထက် ၁၄.၂ ရာခိုင်နှုန်း မြင့်တက်လာသည်။ စင်ကာပူနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ၀.၉ ရာခိုင်နှုန်းဖြင့် ငွေကြေးဖောင်းပွမှု အနည်းဆုံးဖြစ်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်ကထက် ၀.၉၄ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ပါသည်။

**ဇယား(၄)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ရာခိုင်နှုန်းပြောင်းလဲမှုအလိုက်**
**ငွေကြေးဖောင်းပွမှု (၂၀၁၄-၂၀၁၈)**
**(ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင်ရှိသည့် စားသုံးသူဈေးဆနှုန်း)**

| | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ |
|---|---|---|---|---|---|
| ဘရူနိုင်းဒါရူဆလမ် | ၁.၂ | -၁.၀ | -၁.၆ | ၀.၀ | ၀.၅ |
| ကမ္ဘောဒီးယား | ၁.၀ | ၂.၈ | ၃.၉ | ၂.၂ | ၃.၅ |
| အင်ဒိုနီးရှား | ၈.၄ | ၃.၄ | ၃.၀ | ၃.၆ | ၃.၆ |
| လာအို | ၂.၄ | ၀.၉ | ၂.၅ | ၀.၁ | ၂.၆ |
| မလေးရှား | ၂.၇ | ၂.၇ | ၁.၇ | ၃.၅ | ၃.၀ |
| မြန်မာ | ၆.၁ | ၈.၄ | ၇.၀ | ၅.၄ | ၆.၃ |
| ဖိလစ်ပိုင် | ၁.၉ | ၀.၇ | ၂.၂ | ၂.၉ | ၅.၂ |
| စင်ကာပူ | -၀.၁ | -၀.၆ | ၀.၂ | ၀.၄ | ၂.၀ |
| ထိုင်း | ၀.၆ | -၀.၉ | ၁.၁ | ၀.၈ | ၀.၅ |
| ဗီယက်နမ် | ၁.၈ | ၀.၆ | ၄.၇ | ၂.၆ | ၄.၀ |

Source: www.imf.org

၁၀။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် နှစ်စဉ်ရာခိုင်နှုန်းပြောင်းလဲမှုအလိုက် ငွေကြေးဖောင်းပွမှုနှုန်းအရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၅ ခုနှစ်တွင် ၈.၄ ဖြင့် အမြင့်ဆုံးဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ၆.၃ ရာခိုင်နှုန်းသို့ ကျဆင်းလာပါသည်။ သို့သော်အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးအဖြစ် ဆက်လက်တည်ရှိနေပါသည်။ ၂၀၁၈ ခုနှစ်တွင် ဘရူနိုင်းဒါရူဆလင်နှင့် ထိုင်းနိုင်ငံသည် ၀.၅ ရာခိုင်နှုန်းဖြင့် ငွေကြေးဖောင်းပွမှုနှုန်း အနိမ့်ဆုံးဖြစ်ခဲ့သည်။ သို့သော်လည်း ဘရူနိုင်းဒါရူဆလင်နိုင်ငံသည် ၂၀၁၇ ခုနှစ် ကထက် ၀.၅ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ပါသည်။

**ဇယား(၅)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ရာခိုင်နှုန်းပြောင်းလဲမှုအလိုက် ငွေကြေးဖောင်းပွမှုခန့်မှန်းချက် (၂၀၁၉-၂၀၂၃)**
**(ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင်ရှိသည့် စားသုံးသူဈေးဆနှုန်း)**

| | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|
| ဘရူနိုင်းဒါရူဆလမ် | ၀.၅ | ၀.၅ | ၀.၅ | ၀.၅ | ၀.၅ |
| ကမ္ဘောဒီးယား | ၃.၂ | ၃.၁ | ၃.၀ | ၃.၀ | ၃.၀ |
| အင်ဒိုနီးရှား | ၄.၀ | ၃.၇ | ၃.၀ | ၃.၀ | ၃.၀ |
| လာအို | ၂.၉ | ၃.၁ | ၃.၁ | ၃.၁ | ၃.၁ |
| မလေးရှား | ၂.၅ | ၂.၆ | ၂.၅ | ၂.၄ | ၂.၃ |
| မြန်မာ | ၅.၉ | ၅.၈ | ၅.၇ | ၅.၆ | ၅.၅ |
| ဖိလစ်ပိုင် | ၃.၇ | ၃.၂ | ၃.၀ | ၃.၀ | ၃.၀ |
| စင်ကာပူ | ၁.၃ | ၁.၄ | ၁.၃ | ၁.၃ | ၁.၃ |
| ထိုင်း | ၁.၁ | ၀.၄ | ၀.၆ | ၀.၉ | ၁.၁ |
| ဗီယက်နမ် | ၄.၀ | ၄.၀ | ၄.၀ | ၄.၀ | ၄.၀ |

Source: www.imf.org

၁၁။ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် နှစ်စဉ်ရာခိုင်နှုန်း ပြောင်းလဲမှုအလိုက် ငွေကြေးဖောင်းပွမှုနှုန်း ခန့်မှန်းချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှု နှုန်းသည် ၂၀၁၉ ခုနှစ်မှစ၍ တဖြည်းဖြည်းကျဆင်းလာနိုင်ပါသည်။ သို့သော် အာဆီယံအဖွဲ့ဝင် နိုင်ငံများအနက် ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးအဖြစ် ဆက်လက်တည်ရှိ နေမည်ဖြစ်သည်။ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် ငွေကြေးဖောင်းပွမှုနှုန်း အနည်းဆုံး ဖြစ်မည်ဟု ခန့်မှန်းထားပါသည်။



## သတိပြုရန်

ဤသတင်းအချက်အလက်များသည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက်ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန် မဟုတ်ပါ။ အချိန်နှင့် တပြေးညီနောက်ဆုံးရ သတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးမည် ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန် မဟုတ်ပါ။




**နေရာ** – ဇမ္ဗူသီရိခန်းမဆောင်( ပထမထပ်)
**တယ်လီဖုန်း** – ၀၆၇–၃၉၁၂၇၆၊ ၃၉၁၄၁၇
**Email** – research.pds@gmail.com